**မေလ ၁၁ ရက် ၂၀၁၅ ခုနှစ်**

**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှထုတ်ပြန်ချက်**

**ပြန်လာသည့်ကိုးကန့်ဒုက္ခသည်များကိုသတ်ခြင်းခေါင်းဖြတ်ခြင်း၊ပျောက်ဆုံးခြင်းတို့ကြောင့် ကိုးကန့်ဒုက္ခသည်များပြန်ရန်တုန်လှုပ်ချောက်ခြားနေကြရ။**

ကျွန်တော်တို့ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှမြန်မာတရုတ်နယ်စပ်တွင်နေထိုင်သောကိုးကန့်ဒုက္ခသည် တို့အားစုံစမ်းမေးမြန်ရာ ကိုးကန့်ဒုက္ခသည်တို့ပြန်ရာလမ်းတွင်သတ်ဖြတ်ခြင်းခေါင်းဖြတ်ခံရခြင်း ပျောက်ဆုံးခြင်းတို့ကြောင့်လွန်စွာတုန်လှုပ်ခြောက်ချားဖွယ်များနှင့်ကြုံတွေ့နေရကြောင်းသိရသည်။

ကိုးကန့်နယ်စပ်ဒေသတလျှောက်တွင်နေထိုင်ခိုလှုံနေသည့်သောင်းပေါင်းများစွာသောစစ်ပြေးဒုက္ခသည်တို့ တချို့မှာတရုတ်အစိုးရတို့ ဆောက်ပေးသည့် စခန်းများတွင်နေကြရသည်။ တချို့မှာသူတို့ဘာသာစု၍ စခန်းထူထောင်နေထိုင်ကြသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ လောင်ကိုင်းမြို့နှင့်မြောက်ပိုင်းတရုတ်နယ်စပ်ရှိ(၁၀) ကီလိုမီတာ ရှည်လျားသောနေရာတွင်နေထိုင်သည့်ဒုက္ခသည်၁၅၀၀၀ခန့်အတွင်းမေးမြန်းခဲ့သည်။သူတို့သည်မြန်မာစစ်တပ်နှင့် ကိုးကန့်တော်လှန်ရေးအဖွဲ့ (Myanmar National Democratic Alliance Army -MNDAA)တို့ကြားတွင်

တိုက်ပွဲများဆက်လျှက်ဖြစ်ပွါးနေသဖြင့် သူတို့နေထိုင်ရာတောတောင်ထဲရှိဒါဇင်ပေါင်းများစွာသောရွာ တို့စွန့်၍ နယ်စပ်သို့ ထွက်ပြေးသည်။

၂၀၁၅ ခုနှစ် မေလတွင် ရှမ်းလူ့အခွင့်အရေးဏ္ဍာင်မှကိုးကန့်ဒေသအတွင်းစုဆောင်းထားသော မြန်မာစစ်တပ်၏လူ့အခွင့်အရေးချိုးဖေါက်မှုနေရာပြမြေပုံ




ထိုဒုက္ခသည်ထောင်ပေါင်းများစွာမှာ(ရှမ်း-တရုတ်)နယ်စပ်တဖက်တချက်တွင် ရှိသောမိုင်ထီးဟောဒုက္ခ သည်စခန်းတွင် ဖေဖဝါရီလမှ စတင်နေထိုင်ခဲ့သည်။ ၁၅/၀၄/၂၀၁၅ ရက်နေ့တွင် လောက်ကိုင်အာဏာ ပိုင်တို့သည် မြန်မာဖက်ခြမ်းရှိဒုက္ခသည်စခန်းကိုလာရောက်၍ဒုက္ခသည်တို့အား "မင်းတို့တွေ သည်နယ် စပ်ဒုက္ခသည်စခန်းတွင် နေထိုင်ခွင့်မရှိတော့ဘူး။"လို့ဆိုသည်။ လောက်ကိုင် နှင့် ကုန်းကြမ်းရှိစာသင် ကျောင်းတွင် ဖွင့်ထားသည့် ယာယီဒုက္ခသည်စခန်းကိုပြန်ရန်ညွှန်ကြားသည်။ ထို့ထက်ပို၍ဆိုးသည်မှာ သုံးရက်အတွင်းပြန်ရမည်။အကယ်၍ သုံးရက်ထက်ကျော်လွန်ပါက ကိုးကန့်အဖွဲ့ MNDAA တို့နှင့်ကူ ညီပံ့ပိုးသူဟုယူဆပြီး ပစ်သတ်ပစ်မည်ဟုခြိမ်းခြောက်ပြောဆိုခဲ့သည်။ သို့အတွက်ကြောင့်စစ်ပြေးဒုက္ခ သည်တို့မှာစိုးရိမ်ထိပ်လန့်ခါ မပြန်လိုကြပေ။တရုတ်ပြည်နယ်စပ်အခြေစိုက်ဒုက္ခသည်စခန်းသို့ အများစု ကပြောင်းရွှေ့ရှောင်ရှားကြသည်။

လောက်ကိုင်းစစ်အာဏာပိုင်တွေကဒုက္ခသည်တွေကိုပြန်ရန်ပြောကြားပြီး မကြာမီရက်အတွင်းမှာပင် မြန်မာစစ်တပ်သည် လက်နက်ကြီးတို့ဖြင့်ကိုးကန့်တပ်ရှိရာနန့်ထိန်မိန်တောင်ကိုဦးတည်ပြီးပစ်ခတ်ခဲ့ပါသည်။ ဒုက္ခသည် ၇၀၀ ကျော်တို့နေထိုင်ရာတရုတ်ဘက်ခြမ်းရှိချင်းခိုင်ကိုးကိုလက်နက်ကြီးတို့ကျရောက်မှုကြောင့် ဒုက္ခသည်တို့မှာ တရုတ်နယ်စပ် အတွင်းပိုင်းသို့ပုန်းရှောင်ခိုလုံထွက်ပြေးနေကြရသည်။

တိုက်ပွဲပြင်းထန်ပြီးလက်နက်ကြီးကျည်များသည်မေလအစောပိုင်းတွင်ပြန်စ၍ကျနေ၍ငင်း၊ မြန်မာပြည်ဘက်ခြမ်းတွင်လည်းနယ်စပ်ဖြတ်သန်းရာလမ်းတွင် ပြည်သူများကိုသတ်ဖြတ်မှုများ၊လူပျောက်မှုများရှိနေ၍ ၎င်း၊ နယ်စပ်ကိုဖြတ်ကျော်ခါသူတို့၏အိုးအိမ်များကိုသွားကြည့်ရန်များစွာကြောက်ရွံ့နေကြသည်။ ဒုက္ခသည်ပြောပြချက်အရ ထိုဒေသတွင်မည်သူတစ်ဦးတစ်ယောက်မှနေထိုင်ခြင်းမရှိဟုဆိုသည်။

**သတ်ဖြတ်ခံရမှုနဲ့ပျောက်ဆုံးသူတို့မှာတိုက်ပွဲစဖြစ်သည့်လွန်ခဲ့တဲ့၀၉/၀၂/၂၀၁၅ကတည်းက သူတို့နေထိုင်ရာရပ်ကွက်တွင်ဖြစ်သည်ဟုဒုက္ခသည်များကပြောပြသည်။**

| အမှတ်စဉ် | ရက် | နေရာ | အကြောင်းအရာ |
|---|---|---|---|
| ၁။ | ၁၂/၀၂/၃၀၁၅ | ချိမင်ချွန်ရွာ | အသက်ကြီးရွယ်အိုတစ်ယောက်ကိုသူ့အိမ်တွင် မြန်မာစစ်တပ်ကသတ်ဖြတ် |
| ၂။ | ၁၄/၀၂/၂၀၁၅ | ချိမင်ချွန်ရွာ | ရွာသားမျက်မမြင်လူအိုတစ်ယောက်၏အိမ်ထဲတွင် လူအိုအားမီးရှို့သတ်ဖြတ် |
| ၃။ | ၁၅-၁၆/၀၂/၂၀၁၅ | လောဝ်တုံကိုရွာ | လောဝ်တုံကိုရွာမြန်မာစစ်တပ်မှပစ်ခတ်လိုက်သောလက်နက်ကြီးကြောင့်လူအိုတစ်ယောက်အိမ်ထဲတွင်သေခဲ့ရ |

| | | | |
|---|---|---|---|
| ၄။ | မေလအလယ်၂၀၁၅ | လောဝ်တုံကိုရွာ | မြန်မာစစ်တပ်မှပစ်ခတ်လိုက်သောလက်နက်ကြီးကြောင့်လူအိုတစ်ယောက်အိမ်ထဲတွင်သေခဲ့ရ |
| ၅။ | ၁၄/၀၄/၂၀၁၅ | စွန်သျှန်ရွာ | ဒုက္ခသည်လေးဦးပြန်ရာလမ်းတွင်မြန်မာစစ်တပ်ကသေနတ်များဖြင့်ပစ်ရာ၊သုံးဦးပျောက်ဆုံးနေ |

ဤထင်ရှားသည့် သက်သေများကြောင့်ဒုက္ခသည်များ နေရပ်ပြန်ရေးမှာ ရပ်ရွာ အေးချမ်းမှုမရှိခြင်း၊မြန်မာစစ်တပ်အာဏာပိုင်ကလည်းအပြစ်မဲ့ပြည်သူလူထုအပေါ်လူ့အခွင့်အရေးချိုး ဖောက်မှုတို့ဆက်လက်ကျူးလွန်နေဆဲဖြစ်သဖြင့်ကိုးကန့်စစ်ပြေးဒုက္ခသည်တို့အားနေရပ်ပြန်ရန်ဖိအားမပေးသင့်ပေ။ကိုးကန့်စစ်ပြေးဒုက္ခသည်များ၏အခွင့်အရေးကာကွယ်ပေးရန်အကြောင်းကိုနေပြည်တော်အစိုးရအားလူသိ ရှင်ကြားဖိအားပေးရန်သံတမန်များ၊ICRC,UNHCRနှင့်OHCHRတို့ကိုကျွန်တော်တို့ရှမ်းလူ့အခွင့်မဏ္ဍိုင်မှတောင်းဆိုလိုက်ပါသည်။

**မေလအစောပိုင်း၂၀၁၅ကိုးကန့်ဒုက္ခသည်ပြောပြချက်အရသူတို့အပေါ်ကျရောက်သည့်လူ့အခွင့်အရေးချိုး ဖောက်မှုအသေးစိတ်**

**၁။ ချိမင်ချွန်းရွာ**

**လူအိုတစ်ယောက်ပစ်သတ်ခံရ ၊နောက်တဦးမှာအိမ်တွင်မီးရှို့သတ်ခံရ**

**ရွာသားနှစ်ဦးအလောင်းမြင်တွေ့ပြီးတစ်ဦးမှာခေါင်းဖြတ်ခံရ**

**တခြားရွာသားနှစ်ဦးပျောက်ဆုံး**

ချိမင်ချွန်ရွာသည်လောင်ကိုင်း၏အနောက်မြောက်ဘက်တွင်တည်ရှိပြီးအိမ်ခြေပေါင်း၄၅အိမ်ကျော်ရှိပြီး လောင်ကိုင်းမြို့နှ်၅ကီလိုမီတာကွာဝေးပါသည်။ပြည်သူလူထုအများမှာဒီတိုက်ပွဲတွေ ကြောင့်၀၉/၀၂/၂၀၁၅လောက်က တည်းကအိုး၊အိမ်၊လယ်၊ယာမြေတွေကိုစွန့်ပစ်ပြီးရှောင်ပြေးနေခဲ့ ရသည်။ပထမပိုင်းတော့လူငယ်တစ်ချို့က နယ်စပ်ကိုထွက်ပြေးတိမ်းရှောင်ပြီးအချို့လူငယ်တွေကတော့ တော၊တောင်တွေမှာရှောင်တိမ်းကြသည်။လူအိုအချို့တို့သည်ရွာထဲရှိကိုယ့်အိမ်တွင်နေထိုင်ခြင်းကအန္တာ ရာယ်ကင်းတယ်လို့ယူဆကြတယ်။ ဒါပေမဲ့ ၁၂/၀၂/၂၀၁၅ ရက်နေ့ကအသက်ငါးဆယ်ကျော်ဦးယန်ချိုဖူး ကိုမြန်မာစစ်တပ်ကနေအိမ်တွင်ပစ်သတ်ခဲ့ပြီး၊ ၁၄/၀၂/၂၀၁၅ ရက်နေ့ကလည်းဦးယန်လိဆွါခေါ်အသက် ခုနှစ်ဆယ်မျက်မမြင်မီးလောင်သေဆုံးသည်ကိုဦးယန်လိဆွါ၏သားကမျက်မြင်တွေ့ရှိခဲ့သည်။နောက် ပိုင်းမှာတွင်မည်သူတစ်ဦးတစ်ယောက်မှမနေရဲတော့ပေ။

ပြည်သူလူထုအများတို့မှာတရုတ်ပြည်နယ်စပ်ကဒုက္ခသည်စခန်းတွင်မှီခိုအားထားရသည်ဖြစ်ပါသည်။ သို့ရာတွင်မတ်လအလယ်ပိုင်းလောက်ကလယ်သမားလေးယောက်တို့ဟာမိမိတို့နေအိမ်ကိုပြန်လာခဲ့ကြ သည်။ရွာသားအချို့တို့မှာသူတို့နယ်စပ်ဘက်ကိုပြန်မရောက်လာသည့်အတွက်ကြောင့်နောက်ယောင်ခံ လိုက်ခဲ့ရာ လယ်သမားလေးဦးထဲမှနှစ်ဦး၏အလောင်းကိုအိမ်အောက်တခုတွင်တွေ့ရှိခဲ့သည်။အလောင်း နှစ်လောင်းတွေ့ရပြီး၊တစ်လောင်းမှာဦးခေါင်းအဖြတ်ခံထားရသည်။၎င်းဦးခေါင်းမှာပျောက်ဆုံးနေခဲ့ သည်။ဦးခေါင်းဖြတ်အသတ်ခံရသူမှာဦးယန်ရှောင်ပေါင်း၊အသက်ငါးဆယ်ခန့်ဖြစ်ပြီး၊သားသုံးယောက် နှင့်သမီးတစ်ယောက်ရှိသူဖြစ်ပါသည်။ ကျန်တစ်လောင်းမှာယန်လိန်ကွမ်အသက်နှစ်ဆယ်ခန့်တို့ဖြစ်ပါ သည်။ကျန်နှစ်ဦးအနက်တစ်ဦးမှာယန်ကြိုင်ဖေအသက်နှစ်ဆယ်နှစ်ခန့်နှင့်လောင်အေ့မှာအသက်သုံး ဆယ်ခန့်တို့မှာမူခုချိန်ထိပျောက်ဆုံးနေဆဲဖြစ်သည်။

**၂။လောင်တောင်ဂိုရွာ**

**မြန်မာစစ်တပ်မှပစ်လိုက်သောလက်နက်ကြီးကြောင့်ရွာသားတစ်ဦးအိမ်ထဲတွင်ထိပြီးသေဆုံး၊သေသူ၏ သား လည်းမြေမြှုပ်ရန်ကြိုးစားရာမှအပစ်ခံရ**

၁၅-၁၆/၀၂/၂၀၁၅ ရက်နေ့ကလည်းမြန်မာစစ်တပ်အခြေစိုက်ရာတောင်ပေါ်မှလက်နက်ကြီးဖြင့်လောင် ကိုင်းမြို့၏ အနောက်တောင်ဘက်၅ကီလိုမီတာလောက်သာကွာဝေးသော(လောင်တောင်ဂို)ရွာဘက်ကို ဦးတည်ပြီးပစ်ခဲ့ သည်။ရွာသူ၊ရွာသားများနေထိုင်သောအိမ်ပေါင်းတစ်ရာကျော်တို့ဟာဤတိုက်ပွဲစဖြစ်

သည့် ၀၉/၀၂/၂၀၁၅ ရက် နေ့ကတည်းကရွာသူရွာသားတို့နယ်စပ်ဘက်ကိုတစ်ချို့တစ်ချို့မှာလည်း တောတောင်ထဲတွင်တိမ်းရှောင်ထွက် ပြေးခဲ့ကြသည်။သို့သော်ဂျိုဖူဂွေ့အမည်ရှိအသက်ငါးဆယ်ခန့် တစ်ဦးမှာတော့မိမိ၏အိမ်ထဲတွင်ရှိနေစဉ် အမြေ ၁ဂၤ၀ိမှန်ပြီးအိမ်ရောလူပါသေခဲ့ရသည်။

နောက်တစ်နေ့တွင်ဂျိုဖူဂွေ့သားဖြစ်သူကအိမ်ကိုပြန်ခဲ့ရာသူ၏အဖေအလောင်းကိုသာမြင်ခဲ့ရသည်။ ဂျို ဖူဂွေ့သားမှာသူ၏အဖေအလောင်းကိုကောင်းမွန်စွာမြှ ဖုံရန်ကြိုးစားရာမှမြန်မာစစ်တပ်အခြေစိုက်ရာ တောင်ပေါ်မှသူအား ပစ်ခတ်ခဲ့သဖြင့်သူမှာလည်းထွက်ပြေးတိ်မ်းရှောင်ခဲ့ရသည်။

## ၃။ ဆွန်သျှန်ရွာ

## ရွာသားလေးဦးဆိုင်ကယ်စီးနေရာမှမြန်မာစစ်တပ်က ပစ်ခတ်မှုကြောင့်သုံးဦးမှာပျောက်ဆုံး

၁၄/၀၅/၂၀၁၅ရက်နေ့တွင်လောင်ကိုင်မြို့အနောက်မြောက်ဘက်(၈)ကီလိုမီတာလောက်ဝေးကွာသော ဆွန်သျှန်ရွာမှရွာသားလေးဦးဆိုင်ကယ်စီး ၍ ချာပေဘားဒုက္ခသည် စခန်းမှ သူတို့ ရွာသို့ ပြန်လာသည်။ သူတို့မှာအခြားရွာသားများလိုပင်ကိုးကန့်စစ် MNDAA နှင့်မြန်မာစစ်တပ်တို့၏ ၀၉/၀၂/၂၀၁၅ တွင်ဖြစ်ခဲ့ သောတိုက်ပွဲကိုတိမ်းရှောင်နေသူများဖြစ်ပြီးချာပေပါအမည်ရှိတရုတ်နယ်စပ်ဒုက္ခသည်စခန်းတွင်ခိုလှုံခဲ့ ရသည်။ ဒုက္ခသည်စခန်းကနေပြီးဆွန်သျှန်ရွာကိုခြေလျှင်ဖြင့်သုံးနာရီလောက်ကြာပါသည်။

ဤလယ်သမာလေးဦးတို့မှာဆိုင်ကယ်နှစ်စီးဖြင့်မိမိတို့နေအိမ်ကိုပြန်လည်ကြည့်ဖို့ခရီးဆက်ခဲ့ကြသည်။ ဆိုင်ကယ်တစ်စီးမှာတော့ရှယိုခေါ်အသက်ဆယ့်ရှစ်နှစ်တစ်ယောက်အပြင်သူ၏အစ်ကိုဂျာနိန်အသက် နှစ်ဆယ့်သုံးညီအကိုနှစ်ဦးဖြစ်ပြီး၊ကျန်ဆိုင်ကယ်တစ်စီးမှာတော့ဂျာဖူးအသက်နှစ်ဆယ့်နှစ်နှစ်နှင့်ဖုန်ယင် အသက်နှစ်ဆယ့်ခြောက်နှစ်တို့ဖြစ်ပြီး ညီအကိုဝမ်းကွဲတော်သည်။

လယ်သမားတို့ပြန်လာရာရွာကိုမြင်ရချိန်တွင်မြန်မာစစ်တပ်မှရုတ်တရက်သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ဖုန်ယင်ဆိုင်ကယ်ပေါ်ကခုန်ချပြီးနောက်ကြောင်းပြန်ပြေးခဲ့ရာသူ၏နောက်ဘက်တွင်သေနတ်ဆယ်ချက် ကျော်လိုက်ပစ်သည်ဟုသူကဆိုသည်။ ကံကောင်းစွာဖြင့်ကျည်ဆံတို့မှာဖုန်ယင်၏ခြေဖနောက်အနား တစ်ဝိုက်မြေပေါ်တွင်သာကျခဲ့ပြီး၊ နယ်စပ်ရောက်သည်အထိထွက်ပြေးလွတ်မြေ ၁ဂၤသာခဲ့သည်။

အဲ့ဒီနောက်ပိုင်းတစ်နာရီလောက်မှာတော့တစ်ရွာတည်းနေသူလူကြီးနှစ်ဦးထဲအနက်မှတစ်ဦးမှာဖုန်ယင် ၏ အဖေဖြစ်ပါသည်။သူတို့နှစ်ဦးပြန်လာရာလမ်းတွင်မြန်မာစစ်တပ်အဖွဲ့ ့နှစ်ဆယ်သုံးဆယ်တို့မှာအချို့

ကကားစီးပြီးအချို့ကဆိုင်ကယ်စီးနေကြသည်။ဖုန်ယင်၏ဖခင်ဆိုင်ကယ်ကိုမှတ်မိပြီးသူ၏သားဆိုင်ကယ်မှန်းသိလိုက်သည်။ မြန်မာစစ်တပ်ဘက်ကလည်းသူတို့နှစ်ဦးကခဇာရပ်ခိုင်းမေးမြန်ပြီးပြန်လည်လွှတ်ပေးခဲ့သည်။

ယခုချိန်အထိတော့ပျောက်သွားသောလူငယ်သုံးဦးတို့မှာနယ်စပ်ရှိဒုက္ခသည်စခန်းကိုပြန်မရောက်ရှိသေးသည့်အတွက်ကြောင့်ကျန်ရို့သူဆွေမျိုးတို့မှာပြန်ရှာရပဲရှိနေခဲ့သည်။အချို့ကလည်းသူတို့ပစ်သတ်ခံခဲ့ရပြီလားဒါမှမဟုတ်မြန်မာစစ်တပ်တွေဖမ်းစီးသွားလိုက်ပြီလားဆိုတာမည်သူမျှခုချိန်ထိမသိရသေးပေ။ရှိယိုမှာအိ်မ်ထောင်ရို့ပြီးသားနှစ်ယောက်ရှိသည်။ဆွန်သျှန်ရွာဟာရွာငယ်ဖြစ်သည့်အတွက်ကြောင့်အိမ်ရှစ်အိမ်နှင့်လူဦးရေ၃၀ဦးလောက်သာရှိပါသည်။ရွာထဲမှလူငယ်သုံးဦးပျောက်ဆုံးမှုသည်ဤရွာအတွက်အကြီးမားဆုံးသောဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပါတော့ သည်။

## ဖြစ်ပေါ်နေသောကိုးကန့် ပဋိပက္ခ နောက်ခံ

MNDAA ကိုဖုန်ကြားရှင်ကဦးဆောင်သည်။၁၉၈၉တွင် အစိုးရနှင့် အပစ်ရပ်ပြီးကိုးကန့်ဒေသကိုကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအဖြစ် အုပ်ချုပ်ခဲ့သည်။ ၂၀၀၉ ဩဂုတ်လတွင် MNDAA ကို BGF( နယ်ခြားစောင့်တပ်)အဖြစ်ပြောင်းခိုင်းရာဆန့်ကျင်၍ မြန်မာစစ်တပ်က MNDAA ကိုမောင်းထုတ်ခါ ကိုးကန့်နယ်ကိုသိမ်းလိုက်သည်။ စစ်ပြေးဒုက္ခသည် သုံးသောင်းကျော် တရုတ်ပြည်သို့ ထွက်ပြေးကြသည်။ စစ်အစိုးရမှ ပိုက်ရှောချင် ဦးဆောင်သောကိုးကန့်ရုပ်သေးတပ်ကိုတည်ထောင်ပေးသည်။ လွန်ခဲ့သည့် ငါးနှစ်မှစ၍ စစ်ရေးနှင့် အုပ်ချုပ်ရေးကိုကိုးကန့်ဒေသတွင် စစ်အစိုးရမှ ဖြန့်ကျက်ထားသည်။



တရုတ်အာဏာပိုင်တို့ တည်သည့် ဒုက္ခသည် စခန်း



ကိုးကန့် ဒုက္ခသည် နေထိုင်ရာ တဲများ



ကိုးကန့် ဒုက္ခသည် တို့ နေထိုင်ရာတဲများ

**အသေးစိတ်သိလိုပါကဆက်သွယ်ရန်လိပ်စာ**

စိုင်းဟော်ရှဲန် ဖဖေး (၀) ၉၃-၂၆၄-၉၄၈၇ ( ရှမ်း၊ အင်္ဂလိပ် )

စိုင်းခွန်မိုင် ဖဖေး (၀) ၉၄-၆၃၈၆-၇၅၉ ( မြန်မာ၊ အင်္ဂလိပ် )

ရုံးဖုန်း ဖဖေး (၀) ၉၃-၂၉၇-၇၇၅၄